ရွှေအိမ်မှူးစာပေ

မောင်းသွင်

# ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်

(လုံးချင်းဝတ္ထုသည်)

# အခန်း(၁)

နွေသည် လှပသော အစိမ်းရောင်တစ်မျိုးဖြင့် ဖွဲ့စည်းထား၏။ ဥဩငှက်၏ အော်သံတွင် လည်း အစိမ်းရောင်ပါသည် ။ ခြောက်သွေ့သော လေပြည်ထဲတွင် လည်း အစိမ်းရောင်ပါသည် ။ ရော်ဝါသည့် သစ်ရွက်အဟောင်းများ တွင် လည်း အစိမ်းရောင်ပါသည် ။ ရေစိုနေသော ကတ္တရာလမ်းမ၌ လည်း အစိမ်းရောင်ပါသည် ။ နောက်ဆုံးအဝေးက လွင့်ပျံ့လာသော သံချပ်သံများ နှင့် သင်္ကြန်သီချင်းများ တွင် ပင် အစိမ်းရောင်တွေ ပေကျံနေကြလေသည် ။

ယုက ဒီနေ့သင်္ကြန်ကျပြီမို့ အရမ်းပျော်နေ၏။ အကြိုနေ့သာဖြစ်သော်လည်း အားလုံးက ရေပက်နေကြပါသည် ။ သင်္ကြန်မဏ္ဍပ်များ သည် အကြိုနေ့မှာ ရေစကစားကြပြီး ပျော်ရွှင်စရာ တေးဂီတအစီအစဉ်များ အားလုံးသည် လည်း အကြိုနေ့မှာ စတင်ကြ၏။ ရေကစားမဏ္ဍပ် တော်တော်များများက အကြိုနေ့ ညနေပိုင်းမှာ ဖွင့်ပွဲလုပ်ကြသည် ။ ကောင်းကင်မှာ နေမဝင်ခင် ဆည်းဆာများက လှပလွန်းနေသည် ။ ယုသည် ဆရာစံလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားလမ်းများ တစ်လျှောက် ပြိုင်ဘီးတစ်စီးနှင့် လျှောက်ပတ်ကြည့်ပြီးသွားပြီ။ ဘယ်မဏ္ဍပ်က ဘယ်လောက်စည်သည် ..၊ ဘယ်မင်းသား၊ မင်းသမီး အဆိုတော်တွေက ဘယ်မဏ္ဍပ်မှာ ရှိသည် . . . အစရှိသဖြင့် သူမ အားလုံးသိထားပြီးပြီ။ သူမက လူကြီးတွေမသိအောင် အခုလို အိမ်မှ ခိုးထွက်ကာ လျှောက်လည်ရသည့် အရသာအား အကြိုက်တွေ့နေမိ၏။ အခု ယုက ပြည်လမ်းရှိ အုတ်ခုံတစ်

ခုမှာ ထိုင်ပြီး အမောဖြေရင်း အင်းလျားရေပြင်ပေါ်က ဆည်းဆာများကို ငေးမောနေမိပါသည် ။

ရုတ်တရက် သူမမျက်လုံးများ သည် အဝါနုရောင် စပို့ရှပ်ဝတ်ထားသော ကောင်လေးတစ်ယောက်၏ တွန့်ဆုတ်၊ တွန့်ဆုတ် အမူအရာများဆီ ရောက်သွား၏။ ထိုကောင်လေးကိုကြည့်ရတာ ရေစိုမှာ ကို တော်တော်စိုးရိမ်နေပုံရပါသည် ။ သူက တစ်နေရာသို့ သွားချင်နေသော်လည်း ရေစိုမှာ တော့ ကြောက်နေဟန်တူ၏။ သူ့ကို ရေလာပက်နိုင်သည့် ကလေးများကို ခပ်လှမ်းလှမ်းမှ ရှောင်ကာသွားပါသည် ။

ယုသည် ထိုကောင်လေးကို နည်းနည်းအမြင်ကတ်လာသည် ။

သကြင်္န်ပဲ. . .။ ရေစိုမှာ ကြောက်ရင်လည်း အပြင်မထွက်နဲ့ ပေါ့။ ယုက စိတ်ထဲမှ ရေရွတ်လိုက်ရင်း သူ့ကို လှမ်းကြည့်လိုက်မိသည် ။ သူ့မျက်ဆန်နက်နက်ကလေး၏ ရွှေ့လျားနေပုံမှာ သူမ ပျော်ဝင်သွား၏။

ယုသည် တစ်စုံတစ်ရာကို သတိရသွားပြီး လှစ်ခနဲ ပြုံးလိုက်ပါသည် ။ သူမက ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်၏။ ပြီးတော့ ဘေးမှာ ထောင်ထားသော ပြိုင်ဘီးကိုနင်းကာ အဝါနုရောင်စပို့ရှပ်နှင့် ကောင်လေးဆီ ထွက်သွားသည် ။

*

ညနေစောင်းချိန်မို့ ဆည်းဆာသည် အစွမ်းကုန်လှနေ၏။ ရဲလင်းက လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်သည် ။ လေးနာရီသုံးဆယ့်ငါးမိနစ်။ နာရီကြည့်ရင်းမှ ရက်စွဲကိုပါ တစ်ဆက်တည်း ကြည့်မိသွားသည် ။ ဧပရယ် ဆယ့်တစ်ရက်နေ့။ တနင်္ဂနွေ။ အံ့သြစရာမဟုတ်သော်လည်း သူနည်းနည်းအံ့သြသွား၏။ သကြင်္န်အကြိုနေ့သည် တနင်္ဂနွေ ဖြစ်နေလေ

သည် ။

ရဲလင်းသည် ခပ်ဝေးဝေးမှ ပြိုင်ဘီးစီးလာသော ကောင်မလေး၏ ရေစိုနေသော ကောက်ကြောင်းများကို ငေးကြည့်နေမိသည် ။ ပြိုင်ဘီးနှင့် ကောင်မလေးက တဖြည်းဖြည်း ပို၍ နီးကပ်လာ၏။ သူ့လက်ထဲတွင် အမေက အဒေါ်ကို ပေးခိုင်းလိုက်သော အင်္ကျီစတစ်စပါသည် ။ ရဲလင်းက သူ့အကြည့်တွေ ရိုင်းသွားမှန်း သတိထားမိကာ ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည် ။ ရဲလင်းမျက်နှာမှာ အရှက်ကြောင့် အနည်းငယ်ရဲနေ၏။

ရုတ်တရက် သူ့ရှေ့မှာ ပြိုင်ဘီးနှင့် ကောင်မလေးက ပလက်ဖောင်းပေါ် ခြေတစ်ဖက်ထောက်ရင်း စက်ဘီးကို ရပ်ပစ်လိုက်သည် ။ ရဲလင်းသည် မှ င်တက်အံ့ဩနေဆဲ..။ သူမသည် အပေါ်အင်္ကျီအဖြစ် ဝတ်ထားသော အဖြူရောင်ဂျာကင်ပါးပါး၏ ဘေးအိတ်ထဲမှ ဘောလ်ပင်လိုလို၊ ဆော့ဖ်ပင်လိုလိုဟာ တစ်ချောင်းကို ထုတ်လိုက်ပါသည် ။ ထို့နောက် ရဲလင်းနှင့်သူမ အကြည့်တစ်ချက်ဆုံကြ၏။ သူမ၏ ဘယ်ဘက် နှုတ်ခမ်းထောင့်စွန်းလေးမှာ လှပစွာ တွန့်ကွေးသွားသည် ။

နောက်.. ဘာမပြော ညာမပြောနှင့် ရဲလင်းကိုယ်ပေါ်သို့ သူမလက်ထဲမှ ပစ္စည်းနှင့် ပက်လိုက်သည် ။

“ဟာ..သွားပြီ”

ရဲလင်း၏ အဝါနုရောင်စပို့ရှပ်ပေါ်တွင် အပြာရောင်မင်တွေက သိသိသာသာကြီး စွန်းထင်းသွား၏။ သူသည် ထင်မှတ်မထားသဖြင့် အံ့အားသင့်နေဆဲ.. သူမက ပြိုင်ဘီးကို အားကုန်နင်းကာ ထွက်ပြေးသွားလေတော့သည် ။

ဒီတော့မှ ရဲလင်းလည်း သတိဝင်လာ၏။ သူ့အင်္ကျီအကောင်းစားကြီးမှာ မင်တွေဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည် ။ သူ ဒေါသလည်း ထွ

က်သွားသည် ။ သူ့လက်ထဲက အင်္ကျီစထည့်ထားသော ကြွပ်ကြွပ်အိတ်ကို ခါးမှာ ထိုးပြီး ကောင်မလေး၏ ပြိုင်ဘီးနောက်ကို ရဲလင်းပြေးလိုက်သွားမိ၏။

ကောင်မလေးသည် သူ့နောက်မှ ရဲလင်း ပြေးလိုက်လာမှန်းသိ၍ ပြိုင်ဘီးကို ပို၍ မြန်မြန်နင်းနေ၏။ ထိုအခါ ရဲလင်းက ပိုမိုအားထုတ်ရတော့သည် ။

သူမ၏ ဆံပင်များက ရွှေရောင်လက်ထကာ လေထဲမှာ လွင့်နေပါသည် ။ ပြိုင်ဘီးလေးသည် အရှိန်လျော့ကျသွားလိုက်၊ ရဲလင်း မီလုမီခင် အချိန်လေးမှာ ပြန်ဝေးကွာသွားလိုက်နှင့် စိတ်လှုပ်ရှားစရာ ကောင်းနေသည် ။ ပြည်လမ်းမကြီးပေါ်တွင် စိမ်ပြေးလိုက်တမ်းကစားနေသော သူတို့နှစ်ယောက်ကို လူတွေက လှည့်ကြည့်သွားကြသည် ။ ရေပက်ခံကားပေါ်မှ လူတွေက သူတို့ ကို လှောင်ပြောင်အော်ဟစ်နေကြ၏။

ရဲလင်း နဖူးမှာ ချွေးစက်တွေ စို့လာသည် ။ သူ့နှလုံးခုန်သံသည် တဒိတ်ဒိတ်ဖြင့် မောပန်းမှုက စတင်နေပြီ။

ကောင်မလေးသည် ပြိုင်ဘီးကို နင်းနေရာမှ ရုတ်တရက် ဘရိတ်အုပ်ကာ တိခနဲ ရပ်ချလိုက်ပါသည် ။ ရဲလင်းက အရှိန်နှင့်ပြေးလာရာ မမျှော်လင့်ဘဲ ရပ်လိုက်သော သူမကြောင့် ဝင်တိုက်မိမလိုပင် ဖြစ်သွားသေးသည် ။ ရဲလင်းသည် သူမ၏ ပြိုင်ဘီးရှေ့လက်ကိုင်ကို သေချာဖမ်းကိုင်ထားလိုက်၏။

နှစ်ယောက်သား မျက်နှာချင်းဆိုင်ဆုံသောအခါ ရဲလင်းသည် ကောင်မလေးကို တစ်ချက်စိုက်ကြည့်လိုက်၏။ သူ့အကြည့်မှာ ဒေါသတွေက စွက်ဖက်နေပြီးသား ဖြစ်ပါသည် ။

“မင်း ငါ့ကို ဘာဖြစ်လို့ ဒါမျိုးလုပ်ရတာလဲ”

သူမသည် လှလှပပ ပခုံးလေးကို တွန့်လိုက်၏။

"ကျွန်မက ဘာလုပ်လို့ လဲ"

"အံမယ်. . . မင်းက လိမ်ချင်သေးတယ်၊ ဒီမှာ လေ . . . ဒီမှာ "

ရဲလင်းသည် သူ့ရင်ဘတ်ကို ပြန်မကြည့်ဘဲ လက်ဖြင့် ပုတ်ပြလိုက်ပါသည် ။ သူမက ရယ်ချင်နေသည့် မျက်ဝန်းများ ဖြင့် ရဲလင်းကို ပြန်မေးလိုက်၏။

"ဘယ်မှာ လဲ"

"ဒီမှာ . . . အဲ. . . ဟို . . ."

သူ့အင်္ကျီမှာ စောစောတုန်းက စွန်းထင်းနေသော မင်တွေ လုံးဝမရှိတော့ပေ။ ရဲလင်းသည် အံ့သြနေပြီး မယုံသလို သူ့အင်္ကျီကို သေချာငုံ့ကြည့်နေပြန်သည် ။ ဒါ ဘယ်လိုဖြစ်ရတာပါလိမ့်. . .။

ကောင်မလေးဆီမှ ရယ်သံတွေ ထွက်လာပါသည် ။ သူ၏ အံ့သြတွေဝေနေခြင်းကို သူမက အရသာခံကာ ကြည့်နေ၏။ သူတို့ နှစ်ယောက်စလုံးဆီကို ရေပက်ခံကားတစ်စီးပေါ်မှ ပက်လိုက်သောရေများက ရုတ်တရက်ရောက်လာသည် ။ နည်းနည်းတော့ သူတို့ လှုပ်ရှားသွား၏။ သို့သော် အလန့်တကြား ဖြစ်သွားရမည့်အစား မျက်လုံးချင်းလမ်းဖောက်မိကြသည် ။ သင်္ကြန်အကြိုနေ့ညနေသည် ရေစိုနေသော ကဗျာတစ်ပုဒ်ကဲ့သို့ လှပစွာ အသက်ဝင်နေပါသည် ။

သူမသည် ရဲလင်းကို စောစောတုန်းကပက်ခဲ့သော မင်ဗူးလေးအား ထောင်ပြလိုက်၏။ ရဲလင်းက မျက်မှောင်ကုတ်ကာကြည့်သည် ။

Magic Ink.... တဲ့ ။

ခဏကြာမှ သူ သဘောပေါက်သွားပြီး ရှက်ရယ် ရယ်လိုက်ပါ၏။

"မင်းကွာ. . . လူကို မောသွားတာပဲ။ လာနောက်နေတယ်"

သူမက ရဲလင်းကို အရူးလုပ်လိုက်နိုင်သဖြင့် သဘောကျစွာ ပြုံးရယ်နေသည် ။ သူမကြောင့် လူတစ်ယောက် ဒီလိုခံစားသွားရတာ ကောင်မလေးက ပျော်နေပုံရ၏။ သူမက ပြုံးရင်း မင်ချောင်းကို ရဲလင်းထံ ကမ်းပေးလိုက်သည် ။

"ရော့. . . အပိုင်ပေးတာ"

ရဲလင်းက ကြောင်သွားကာ ခပ်ရှုံ့ရှုံ့ဖြစ်နေ၏။ သူမက ထပ်ပြောပြန်သည် ။

"ယူလေ. . . ယူပါ"

ရဲလင်း အားနာသွားပြီး ယူထားလိုက်မိသည် ။ မင်ချောင်းပေါ်တွင် အင်္ဂလိပ်စာတန်းတစ်ခု ရေးထားပါသည် ။

Disappear on your cloth.

သင့်အဝတ်ပေါ်တွင် ပျောက်သွားလိမ့်မည်..တဲ့ ။

သူမဆီမှ နှုတ်ဆက်စကားသံ ထွက်ပေါ်လာသည် ။

"သွားတော့မယ်နော်၊ နောက်တော့ တွေ့ကြသေးတာပေ့ါ"

ရဲလင်းက ခေါင်းညိတ်ပြမိတော့မလို ဖြစ်သွားပြီးမှ

"ခဏ.."

ကောင်မလေးက စက်ဘီးနင်းထွက်ဖို့ အားယူပြင်ဆင်နေရာမှ သူ့ကို ခေါင်းငဲ့၍ ကြည့်လိုက်သည် ။ သူမ၏ အကြည့်မှာ အဓိပ္ပာယ်တစ်ခုက ကပ်ပါလာ၏။

"မင်းနာမည်ဘယ်လိုခေါ်လဲ"

"ယု"

အို.. ရိုးရိုးလေးနဲ့ လှတဲ့ နာမည်ပါလား။

သူတွေးနေမိဆဲ ယုက ပြိုင်ဘီးလေးကို နင်းထွက်သွားပါသည် ။ ရဲလင်း သူမကို ထပ်မတားမိတော့..။ သူ့လက်ထဲတွင် သူမ ပေးခဲ့သောMagic Ink မင်ချောင်းလေးသည် ငြိမ်သက်နေ၏။

ဝေးသွားသော ပြိုင်ဘီးနောက်ကျောပိုင်းကို သူ အကြာကြီး ငေးကြည့်နေမိသည် ။ နေဝင်ချိန်နှင့်အတူ ယုဆိုသော ကောင်မလေးသည် လည်း အစက်အပျောက်ကလေးအဖြစ် မှုန်ဝါးဝေးကွာသွားပါသည် ။

အိမ်ကိုပြန်ရောက်တော့ သူ့ရင်ထဲမှာ တစ်စုံတစ်ရာ လိုအပ်နေသလို ခံစားရသည် ။ အမေက သူ အကျီသွားပို့ခိုင်းသော အဒေါ်အိမ် မရောက်ဘဲ ရေတွေစိုရွှဲပြီး ပြန်ရောက်လာသောရဲလင်းကို ဗျစ်တောက်ဗျစ်တောက် လုပ်နေသည် ။ သူ့အမေကို ဘာမှ ပြန်ပြောမနေတော့။ အမေ့ဆူသံများမှ လွတ်အောင် ရဲလင်းဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည် ။

ရဲလင်း၏ အကြည့်များက ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ရွက်ဆုတ်ပြက္ခဒိန်လေးဆီ အမှတ်တမဲ့ ရောက်သွား၏။ သကြံန်အကြိုနေ့ (၁၁) ရက်၊ တနင်္ဂနွေ။

သူပြက္ခဒိန်လေးနားသို့ ဖြည်းညင်းစွာ လျှောက်သွားမိသည် ။ နောက်တော့ သူက တနင်္ဂနွေ ရွက်ဆုတ်ပြက္ခဒိန်လေးကို ဆုတ်ပစ်လိုက်ပါသည် ။ ထိုတနင်္ဂနွေရွက်ဆုတ် ပြက္ခဒိန်လေးကို ဧည့်ခန်းမှာ ရဲလင်း အကြာကြီး ထိုင်ကြည့်နေခဲ့သည် ။ တော်တော်ညဥ့်နက်မှ သူဧည့်ခန်းမှ

အိပ်ခန်းဆီသို့ ဝင်သည် ။ ရဲလင်းသည် သူ့ဒိုင်ယာရီစာအုပ်ကြားထဲမှာ တနင်္ဂနွေရွက်ဆုတ် ပြက္ခဒိန်လေးကို ညှပ်ထားလိုက်၏။ သူတကယ်ပဲ ထူးဆန်းနေမိသည် ။

လူ့ဘဝ၏ အရာရာသည် အံ့သြစရာ တွေ့ဆုံမှုများ သာ ဖြစ်ပါသည် ။

*

# အခန်း(၂)

ရဲလင်းသည် သကြၤန်ရက်များ တောက်လျှောက် ယုဆိုသောကောင်မလေးကို တွေ့ရမလားဆိုသည့် မျှော်လင့်ချက်နှင့် ရေစိုလမ်းမများ ပေါ်လိုက်ရှာနေမိ၏။ နောက်ရေကစားမဏ္ဍပ်များ နှင့် ရေပက်ခံထွက်သော ကားများကိုလည်း တတ်နိုင်သမျှ ရှာကြည့်ပါသည် ။ ပြိုင်ဘီးနှင့် ကောင်မလေးတွေကိုတွေ့လျှင် သူအရမ်းတက်ကြွစွာ သေချာလိုက်ကြည့်၏။ သို့သော် ရဲလင်း၏ ကြိုးစားမှုများ အားလုံးသည် အချည်းအနှီးသာဖြစ်သည် ။

တချို့မဏ္ဍပ်များက "ရှာပုံတော်မင်းသားကြီး" သီချင်းဖွင့်ထားလျှင် သူက မလုံသလို ကျိတ်ပြုံးမိသည် ။ ဒါပေမဲ့ ရဲလင်းက သီချင်းထဲကလို မနှစ်ကတွေ့ခဲ့သောကောင်မလေးကို လိုက်ရှာနေတာဖြစ်သည် ။ နောက်တစ်ချက်က ရဲလင်းဆီမှာ ကောင်မလေးပေးခဲ့သည့် ရေစို၍ ပျက်သွားသော လိပ်စာလည်း မရှိ။ Magic Ink ဆိုသော သူမသုံးပြီးသားမင်ချောင်းလေးတစ်ချောင်းတော့ရှိသည် ။ ရဲလင်းသည် သက်ပြင်းတွေကို ချနေမိ၏။

ဒီကိစ္စသည် ခက်တော့ ခက်နေပါပြီ။

ယုကို ပြန်တွေ့ရန် ဘာလမ်းစမှ မရှိခြင်းက ရဲလင်းကို အခက်တွေ့စေသည် ။ သူငယ်ချင်းတွေနှင့် ရေကစားရန်၊ ရေပက်ခံထွက်ရန်အားလုံးကို ငြင်းပယ်လျက် သူသည် ယုအား လိုက်ရှာနေခဲ့ပါသည် ။ ရဲလင်း

သည် လမ်းတွေမှာ လျှောက်သွား၏။ ညနေစောင်း၍ နေဝင်ခါနီးအချိန်ဆို ယုနှင့်ဆုံခဲ့သော နေရာလေးဆီသို့ သူသွားထိုင်နေတတ်သည် ။

သူ့ကိုရေပက်ခံကားများ ပေါ်မှ ပျောက်တတ်သည့် လူငယ်တချို့က "သူများ ပျော်လို့ မပျော်နိုင် ရည်းစားပျောက်လို့ မှိုင်" ဟု မကြာခဏ အော်သွားကြသည် ။ ထိုအခါ ရဲလင်းက ယုကို သူနှင့်ကိုယ်က ရည်းစားတွေမဟုတ်သဖြင့် အသားလွတ်အားနာနေပြန်သည် ။ ဒီနှစ်သင်္ကြန်လောက် အဓိပ္ပာယ်မဲ့သော သင်္ကြန်သည် သူ့ရဲ့ လူငယ်ဘဝမှာ မရှိခဲ့ဖူးပေ။

အစိမ်းရောင် သင်္ကြန်ရက်များက တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့သည် ။ ဒါပေမဲ့ ရဲလင်းအတွက် ဘာမှ မထူးခြား။ သူ တဖြည်းဖြည်း စိတ်ဓာတ်ကျလာ၏။

တစ်ဝက်ရေစိုနေသော နွေဦးမှာ သူတစ်ယောက်တည်း အဖော်မဲ့စွာ ငေးရီနေမိသည် ။ သူ့ရှေ့တွင် ပြိုင်ဘီးနင်းပြေးသွားသော ကောင်မလေး၏ ရွှေရောင်ဆံပင်များကို ရဲလင်းလွမ်းနေ၏။ သူက သူမ Magic Ink တွေနှင့် ပက်သွားခဲ့သော စပို့ရှပ်အဝါရောင်လေးကို မလျှော်ဘဲ ပရုတ်လုံးများ ထည့်ပြီး ဗီရိုထဲမှာ သေချာသိမ်းထားလိုက်ပါသည် ။

"ရော့..အပိုင်ပေးတာ"ဆိုသည့် ကောင်မလေး၏ အသံသည် သူ့နားထဲတွင် ပျော်ဝင်စီးဆင်းနေတော့သည် ။ ယုသည် ဘာကိုမှ မကျွမ်းဝင်သေးခင်မှာ ဘဲ သူ့နှလုံးသားကို ဖျားနာစေခဲ့ပြီ။ ထိုအစွဲအလမ်းသည် အမှတ်တမဲ့ မဟုတ်တော့။

ရဲလင်းသည် သူမနှင့်ပြန်ဆုံရန် အိမ်မက်ဆိုသော ဝိုင်းစက်လှပသော သုညတစ်လုံးဖြစ်ခဲ့လေသည် ။

သင်္ကြန်ပြီးသွားတော့လည်း သူ့မျှော်လင့်ချက်များက

မပြီးသေးသောကြောင့် ရဲလင်းသည် ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိ၏။ နှစ်ဆန်းတစ်ရက်နေ့မှာ သူများ တွေ ကုသိုလ်လုပ်နေချိန်များ တွင် လည်း ရဲလင်းက တွေဝေငေးငိုင်နေခဲ့သည် ။ အိမ်ကလူတွေက သတိထားမိသွားပြီးမေးတော့လည်း သူက ခေါင်းယမ်းနေ၏။ ဘာမှ မဟုတ်လောက်သော ဒီမတော်တဆပတ်သက်မှုတွင် ရဲလင်းသည် စွဲလန်းမှုစာမျက်နှာ ဖွင့်ခဲ့မိခြင်းဖြစ်သည် ။

တစ်ပတ်ဆိုသောအချိန်က လွယ်ကူစွာကုန်ဆုံးသွား၏။ ရဲလင်းက ယုကို ညနေစောင်းတိုင်း ဆုံခဲ့သောနေရာလေးမှာ မပျင်းမရိ ထိုင်စောင့်နေခဲ့သည် ။ ဒါပေမဲ့ သူမ ရောက်လာလိမ့်မည်ဆိုတာ မသေချာပါ။

အားလုံး တိတ်ဆိတ်လျက် နောက်ဆုံးဆည်းဆာလေးမှာ ပြီးဆုံးတော့မည်။ ဘာမှန်းမသိသော လေထဲက အလွမ်းတွေကို အမှတ်တရဖြစ်အောင် နေဝင်ချိန်ကို သူထိုင်ကြည့်ရဦးမည်။ ဘဝတိုတိုလေးမှာ ဒီလို အမှတ်တရတွေက ဘယ်လောက်ရှိနိုင်ပါသလဲ။ ရဲလင်းတကယ်ပဲ သိချင်မိသည် ။

*